ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာမုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၈၆)

# ဗျာဒိတ်တော်ကြီး ဘုရား(၂၄)ဆူ


အဂ္ဂမဟာ ပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ဗျာဒိတ်တော်ကြီး ဘုရား(၂၄)ဆူ

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

# မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၅–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၄–ခုနှစ်၊ ကဆုန်လဆန်း ၁၄–ရက်နေ့၊ ၂၀၁၁–ခုနှစ် မေလ ၄–ရက်နေ့၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာရွာ ဓမ္မသဟာယ သာသနစင်တာ သာသနာပြုဌာန ဓမ္မရတိမဟာဓမ္မ သဘာ ဓမ္မာရုံတော်ကြီးအတွင်း၌ ကျင်းပအပ်သော ၂၆၀၀–ပြည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ ပူဇော်သောအားဖြင့် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် အကြိုဓမ္မသဘင် အခမ်းအနား၌ မန္တလေးမြို့၊ ဦးစိုးဝင်း+ ဒေါ်နန်းဆိုင်စော (VEC ပညာရေး) မိသားစု၊ မန္တလေးမြို့၊ ဦးဝင်းမြင့်ဦး (ရွှေမိ အထက်ဆင်) မိသားစုတို့၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားအပ်သော

**ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ**

တရားဒေသနာတော်။

[illegible]

[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]

[illegible]

[illegible]

[illegible]

# ဗျာဒိတ်တော်ကြား
# ဘုရား(၂၄)ဆူ

ဂေါတမဗုဒ္ဓအလောင်း ဗျာဒိတ်ခံခဲ့သည့် ဘုရား(၂၄)ဆူရှိတယ်၊ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလအတွင်း ဘုရားပေါင်း (၂၄)ဆူနဲ့ ဆုံတွေ့ခဲ့တယ်၊ (၂၄)ဆူသော ဘုရားတွေက "ဘုရားဖြစ်လိမ့်မယ်"လို့ ဗျာဒိတ်စကား မိန့်ကြားခဲ့ကြတယ်။ ဗျာဒိတ prophey ဆိုတာ အင်မတန်မှ တိကျသေချာတဲ့ ဟောကိန်းဖြစ်တယ်၊ ဗျာဒိတ်ဆိုတာ ဗျာဒိတဆိုတဲ့ စကားကလာတာ၊ ဒီလို ကြိုတင် ဟောကိန်းထုတ်တာ ဖြစ်နိုင်ရဲ့လား၊ မဖြစ်သေးတာကို ကြိုတင်ဟောကိန်း ထုတ်တာက ယုတ္တိရှိရဲ့လား၊ သဘာဝအနေနဲ့ ဖြစ်နိုင်

လားဆိုတာ မေးစရာရှိတယ်၊ အခုဟောကိန်းထုတ်တဲ့ ပုဂ္ဂိုလ်တွေက သာမန်ပုဂ္ဂိုလ်တွေ မဟုတ်ဘူး သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် ကိုယ်တော်မြတ်တွေ ဖြစ်တယ်။

## ဗျာဒိတ= ဗျာဒိတ်ဆိုတာ

ဒီကနေ့ သာမန်လူသား တစ်ယောက်က တောင်မှဘဲ ဘယ်နေ့ မုန်တိုင်းဝင်မယ်၊ ဘယ်နေ့ လျှပ်လိမ့်မယ်၊ ဘယ်နေ့လကြတ်လိမ့်မယ်၊ ဘယ်နေ့နေကြတ်လိမ့်မယ်လို့ ဟောကိန်းထုတ်နိုင်တယ်၊ ဘာဖြစ်လို့ ဟောကိန်းထုတ်နိုင်သလဲဆိုတော့ ပစ္စုပ္ပန်ဖြစ်ပေါ်နေတဲ့ အခြေအနေကိုတစ်ခုကို ကြည့်ပြီး မဖြစ်သေးတဲ့အနာဂတ်ကို ပြောလို့ရတယ်၊ ဒါက အင်မတန်မှသဘာဝကျတယ်လို့ ပြောလို့ရတယ်၊ မြန်မာနိုင်ငံအနေနဲ့ ပြောမယ်ဆိုရင် အိန္ဒိယ ဘင်္ဂလား ပင်လယ်အော်ထဲမှ လေထုရပ်ဝန်းတစ်ခု ဖြစ်နေ

တယ်၊ မကြာခင် မုန်တိုင်းဖြစ်လာနိုင်တယ်၊ မြန်မာပြည် အလယ်ပိုင်း၊ အထက်ပိုင်း(သို့) အောက်ပိုင်းဝင်ပြီး မိုးရွာနိုင်တယ်ဆိုတာ အားလုံး ဟောကိန်းထုတ်တယ်ဆိုတာ သိကြတယ်၊ မှန်သင့်သလောက်မှန်တာပေါ့။

ဟောကိန်းထုတ်တယ်ဆိုတာက မဖြစ်သေးတာကို ကြိုပြီးပြောတာ၊ ဒါဟာ ဗျာဒိတ ကြိုတင်ဟောပြောချက်ဖြစ်တယ်၊ အဲဒီလို သာမန် ပုဂ္ဂိုလ်တွေတောင်မှဘဲ ပစ္စုပ္ပန်ဖြစ်ပေါ်နေတဲ့ အခြေအနေတစ်ရပ် ကြည့်ပြီး ဟောကိန်းထုတ်နိုင်တယ်၊ လူကိုကြည့်ပြီးလည်း ဟောကိန်းထုတ်ကြတယ်၊ ကလေးတစ်ဦးဟာ လိမ္မာတယ်၊ စာကြိုးစားတယ်ဆိုရင် "ဒီကောင်လေး ကြီးပွားဦးမယ်"လို့ ဟောကိန်းထုတ်ကြတာ၊ မဖြစ်သေးတာကို ကြိုတင်ပြောလို့ ရတယ်ဆိုတာ ဖြစ်နေတဲ့ အခြေအနေတစ်ခုကို ကြည့်ပြီးပြောတာ၊ အဲဒီ အမိပ္ပာယ်မျိုးကို ဘုန်းကြီးတို့ မှတ်သား

ထားကြရအောင်။

ဂေါတမဗုဒ္ဓအလောင်း ပါရမီတော်တွေ ဖြည့်ဆည်းဖို့ စတင်ကြိုးစားတဲ့အချိန် ပါရမီတော်တွေ ဖြည့်နေတဲ့အချိန် ဘုရား(၂၄)ဆူနဲ့ ဆုံတွေ့ပြီး ထိုဘုရားမြတ်တို့ထံကနေ ဗျာဒိတ်ခံခဲ့ရတယ်၊ ဗျာဒိတ်စကား မိန့်ကြားခဲ့တဲ့ဘုရား (၂၄)ဆူရှိတယ်လို့ မှတ်သားထားကြရမယ်။

## နှစ်ကျိပ်ရှစ်ဆူ

ဒီကနေ့ခေတ် "နှစ်ကျိပ်ရှစ်ဆူ" ပူဇော်ကိုးကွယ်နေကြတယ်၊ ဘယ်လို "နှစ်ကျိပ်ရှစ်ဆူ" ဖြစ်သလဲ၊ ဂေါတမဗုဒ္ဓ ဘုရားအလောင်း ဗျာဒိတ်ခံခဲ့တာက(၂၄)ဆူ၊ အဲဒီ(၂၄)ထဲ ဂေါတမဗုဒ္ဓ ထည့်လိုက်ရင် (၂၅)ဆူဖြစ်သွားတယ်၊ တစ်ခါ ဒီပင်္ကရာမြတ်စွာဘုရားနဲ့ တစ်ကမ္ဘာထဲမှာပွင့်တာ ဘုရားသုံးဆူရှိတယ်၊ "တဏှင်္ကရ၊ သရဏင်္ကရ၊ မေဓင်္ကရ"တဲ့၊ အဲဒီ ဘုရား

သုံးဆူကို ထည့်ရေတွက်လိုက်ပြီး “နှစ်ကျိပ်ရှစ်ဆူ” ဖြစ်တာ။ “သဗ္ဗုဒ္ဓေ အဋ္ဌဝီသဋ္ဌ” ဆိုတာကျ ဘုရားတွေ အများကြီးပေါ့၊ နှစ်ကျိပ်လေးဆူ(သို့) နှစ်ကျိပ်ရှစ်ဆူ မကဘူး၊ “ဂင်္ဂါဝါလု သဲစုမက”လို့ ဆိုထားတော့ ဘုရားတွေ မြောက်မြားစွာ ပွင့်ခဲ့တယ်၊ သံသရာကြီး က ရှည်ကြာတာကိုး၊ အင်မတန်မှ ရှည်ကြာတာဟာ အစကို မသိနိုင်လောက်အောင်ကို ရှည်ကြာတာ၊ နောက်ကြောင်းပြန်ပြီး သံသရာရဲ့အစကို ရှာလို့ရှိရင် ကမ္ဘာချီပြီး အသက်ရှည်တဲ့ ဗြဟ္မာတွေတောင်မှဘဲ ရေတွက်လို့ရှိရင် အစဆိုတာ ရှာတွေ့မှာ မဟုတ်ဘူး၊ ဒါကြောင့် “အနမတဂ္ဂ” နောက်ကြောင်းပြန်ပြီး ကြည့်မယ်ဆိုရင် မသိနိုင်တဲ့ အစရှိတယ် ပြောတာ၊ နောက်ကြောင်းပြန်လျှောက်ပြီး ရေတွက်ကြည့်လည်း အစတွေ့မှာ မဟုတ်ဘူး။

ခန့်မှန်း ရေတွက်ကြည့်ပါလား၊ လူတိုင်း လူတိုင်းမှာ အမေရှိတယ်၊ အဲဒီ အမေစာရင်း

တွက်ကြည့်၊ "ဒါကအမေ၊ ဒါကအမေရဲ့အမေ၊ အဲဒီ အမေ့ရဲ့အမေ"လို့တွက်ရင် ဆုံးမှာမဟုတ်ဘူး၊ မြတ်စွာဘုရားကိုယ်တိုင်ကိုက အနမတဂ္ဂသုတ္တန်မှာ ဘယ်လို ဥပမာလေး ပေးထားတုန်းဆိုရင် "အေး- အမေစာရင်း အဖေစာရင်းတွေကို သံသရာမှာ ပြန် တွက်မယ်ဆိုရင် ဟောဒီကမ္ဘာမြေကြီးကို ဆီးသီး လောက်၊ ဆီးဖြူသီးလောက်အလုံးကလေးတွေ လုံးထားပြီး "ဒါကအမေ၊ ဒါက အမေ့အမေ" ဆိုပြီး တွက်ချက်ကြည့်၊ ကမ္ဘာမြေကြီးလုံးထားတဲ့ အလုံး လေးတွေသာ ကုန်သွားမယ်၊ အမေကုန်မှာ မဟုတ် ဘူး၊ ဟုတ်တာပေါ့၊ ဒါကမဆုံးနိုင်ဘူး။

သံသရာက အင်မတန်မှရှည်တာကို၊ ဒီ အချက်ကို ဘုန်းကြီးတို့တစ်တွေ သံဝေဂယူစရာတော့ ကောင်းတာပေါ့၊ ဒီလောက်ရှည်တဲ့ သံသရာကြီးထဲမှာ မပျင်းသေးဘူးလားလို့ ကိုယ့်ကိုယ်ကို မေးကြည့်လိုက် ပေါ့၊ ဘုရားရဟန္တာ အရိယာသူတော်စင်တွေက

ဒီလောက်ရှည်တဲ့ သံသရာကြီး နောက်ထပ် မဆက်ချင်ကြတော့ဘူး၊ သံသရာကြီးကို ငြီးငွေ့ကြတယ်၊ ဒီသံသရာကြီးဟာ အကောင်းချည်း တွေ့တာလား ဆိုတော့ အကောင်းရော အဆိုးရော အစုံဘဲတွေ့တာ။

အေး ဒါကြောင့် မြတ်စွာဘုရားက "အနမတဂ္ဂေါ ယံ ဘိက္ခဝေ သံသာရော"တဲ့၊ သံသရာကြီးဟာ အစရှာလို့ တွေ့နိုင်စရာမရှိဘူး၊ သိနိုင်စရာမရှိဘူး၊ ဘယ်တုန်းက စခဲ့တယ်ဆိုတာ ပြန်ပြောဖို့ ခက်တယ်လို့ ဒီလိုပြောတာ။ တစ်ခြားဘာသာတွေက သံသရာရဲ့အစကို ရှာကြတယ်။ တစ်ကယ်တော့ သံသရာရဲ့အစ မဟုတ်ဘူး သတ္တဝါတွေရဲ့အစကို ရှာတာ၊ လောကကြီးကို ဘယ်သူ ဖန်ဆင်းသလဲ၊ God က ဖန်ဆင်းတယ်လို့ ပြောတယ်။

မသိနိုင်ဘူးဆိုတဲ့ ဒီစကားသာလျှင် တစ်ကယ့်အမှန်တွေ ဖြစ်တယ်၊ အဲသလိုရှည်ကြာလာတဲ့ သံသရာကြီးထဲမှာ အင်မတန်မှ ထူးချွန်တဲ့

ပုဂ္ဂိုလ်တွေဟာ ထူးခြားတဲ့ လေ့ကျင့်ခန်းတွေ လေ့ကျင့်ကြတယ်၊ ပါရမီဖြည့်တယ်ဆိုတာ အကောင်းကို လေ့ကျင့်တယ်၊ ဘာဘဲဖြစ်ဖြစ် လေ့ကျင့်လို့ရတယ်၊ ဘုရားဖြစ်ချင်တဲ့ ဆန္ဒကိုလည်း လေ့ကျင့်လို့ရတယ်၊ ပါရမီဖြည့်တယ်ဆိုတာ လေ့ကျင့်တာ၊ တစ်ချို့က ပါရမီဆိုတာ သူ့ဟာနဲ့သူ ပြည့်လာမယ် ထင်လို့လား မသိဘူး၊ တို့ကတော့ပါရမီ မပါဘူးဆိုပြီး လက်လျော့ကြတယ်၊ ပါရမီမရှိဘူးပြောပြီးတော့ မရှိရင် လုပ်မလားဆိုတော့ မလုပ်ဘူး၊ ပါရမီက သူ့ဟာသူတော့ ပြည့်လာမှာ မဟုတ်ဘူး၊ ဘယ်အရာဘဲဖြစ်ဖြစ် သူ့ဟာသူ ပြည့်လာတာ တစ်ခုမှမရှိဘူး၊ အဲဒီတော့ ဒီဘဝကစပြီး ဖြည့်လိုက်မယ်ဆိုရင် ဖြည့်ဖို့ နီးနီးလာပြီလို့ ပြောရမယ်၊ အခု စတောင် မစရသေးဘူးဆိုရင် ဘယ်တော့မှ နီးဖို့မရှိဘူး။

ပါရမီဆိုတာ (၁၀)မျိုးကို လေ့ကျင့်မွေးမြူတာ၊ ဘာလေ့ကျင့်တာလဲဆိုရင် ပထမ ကိုယ့်ရှိတဲ့

ပစ္စည်းတွေ စွန့်နိုင်လောက်အောင် လေ့ကျင့်တာ၊ အဲဒါကို ဒါနပါရမီလို့ခေါ်တယ်၊ ကိုယ့်ရှိတဲ့ ပစ္စည်းတွေ စွန့်တယ်ဆိုတာ အလကားစွန့်တာ မဟုတ်ဘူး သူများအတွက်အသုံးချတယ်၊ လိုအပ်တဲ့ ပုဂ္ဂိုလ်တွေကို ပေးတယ်၊ စွန့်နိုင်ဖို့ဆိုတာ အင်မတန်မှ ခဲယဉ်းတာ၊ ပါရမီဖြည့်တာ ကိုယ့်ရဲ့ပစ္စည်းတွေ စွန့်နိုင်ပြီဆိုရင် နောက်တစ်ခု တိုးလုပ်တယ်၊ ကိုယ့်ရဲ့ အင်္ဂါရပ်တွေ မျက်စိ၊ နား၊ နှာခေါင်း၊ ကျောက်ကပ်၊ အသည်း၊ သွေး တို့ဆိုတာတွေ ပေးနိုင်အောင်၊ စွန့်နိုင်အောင်၊ လုပ်ပြန်တယ်၊ အဲဒီနောက်ပိုင်း ကိုယ့်ရဲ့အသက်ကို တောင် စွန့်နိုင်တဲ့ အနေအထားမျိုးရအောင် လေ့ကျင့်တာ၊ ဒါနနဲ့ပတ်သက်ပြီး အဆင့်(၃)ဆင့် လေ့ကျင့်တယ်၊ ဘုရားလောင်းတွေက ဒီလိုလေ့ကျင့်တယ်။

အဲဒါကိုဘဲ စာလိုပြောတဲ့အခါ ရိုးရိုးပစ္စည်းလှူတာကို ဒါနပါရမီ၊ အင်္ဂါခြေလက်လှူတာကို ဒါနဥပ ပါရမီ၊ အသက်ထိအောင်လှူတာကြတော့

ဒါနပရမတ္ထပါရမီလို့ ဒီလိုပြောကြတယ်၊ ဒါနချည်း ဘဲလားဆိုတော့ မဟုတ်ဘူး၊ ဒါနနဲ့တင် မလုံလောက် သေးဘူး၊ နောက် သီလကို စောင့်ကြတယ်၊ သီလ ဆိုတာ ပထမ ပစ္စည်းဥစ္စာတွေကို စွန့်လွှတ်ပြီး သီလ စောင့်တယ်၊ နောက် ကိုယ်လက်အင်္ဂါ အပြတ်ခံပြီး သီလစောင့်တယ်၊ နောက် အသက်အသေခံပြီး သီလစောင့်တယ်၊ သီလမှာလည်း အဆင့်(၃)ဆင့်နဲ့ လေ့ကျင့်တာ၊ ဆိုလိုတာက ပထမ သီလစောင့်တယ်၊ အကျိုးအပေါက်မခံဘူး၊ နောက် ကိုယ့်လက်ခြေအင်္ဂါ အဆုံးခံပြီး သီလစောင့်တယ်၊ သီလစောင့်ရင် လက်ဖြတ်ပစ်မယ် ခြေဖြတ်ပစ်မယ်၊ ဘာဖြစ်မယ် ဆိုလည်း သီလမကျိုးဘူး၊ နောက်ဆုံးကျရင် အသက် အသေခံပြီး သီလစောင့်တယ်။

ဘူရိဒတ္တနဂါးမင်းကြီးတို့ရဲ့ သီလစောင့်ပုံကို ကြည့်၊ သူ့မှာအစွမ်းတန်ခိုး ရှိတယ်၊ သူ့ရဲ့ အဆိပ်ဟာ အင်မတန်မှ ပြင်းတယ်၊ နဂါးဆိုတာ မျက်စောင်းလေး

တစ်ချက် ထိုးတာနဲ့ တစ်ဖက်သား ပြာဖြစ်သွားစေနိုင်တယ်၊ အဆိပ်ခိုးနဲ့ မှုတ်လိုက်ရင် တစ်ဖက်သား ပြာဖြစ်သွားနိုင်တယ်၊ အဲလောက် အစွမ်းသတ္တိ ရှိပေမယ့် သူ့ကိုဖမ်းမယ့် အလမ္ပါယ်ကို မကြည့်ဘူး၊ မျက်လုံးမှိတ်ထားတယ်၊ လုပ်ချင်တာ လုပ်ပစေဆိုပြီး သီလစောင့်တယ်၊ ဇာတ်ကြီး(၁၀)ဘွဲ့ ဖတ်ဖူးတဲ့သူတွေ့လိမ့်မယ်၊ အဲတော့ သာမန် အားဖြင့်တော့ ဘုရားဖြစ်တာမဟုတ်ဘူး။

ဂေါတမဗုဒ္ဓ အလောင်းအလျာ ဗျာဒိတ်မရမီ ပါရမီတွေ ဖြည့်လာခဲ့တယ်။ နောက်ပိုင်း သူ့ရဲ့ ပါရမီဖြည့်ကျင့်မှုဟာ အလေ့အကျင့် ရလာတယ်၊ အဲသလို အလေ့အကျင့် ရပြီးတဲ့အခါ သုမေဓာဘ၀ ရောက်တယ် ဆိုပါစို့၊ သုမေဓာဘ၀ မရောက်ခင် ဖြည့်ခဲ့ရတဲ့ ပါရမီတွေ နည်းတာမဟုတ်ဘူး၊ ခုနက မုန်တိုင်းဖြစ်ဖို့အတွက် အခြေအနေတွေ စုနေတယ်ဆိုတာ အင်အားမကောင်းဘူးဆိုရင် မုန်တိုင်းဝင်မယ်လို့

ဟောကိန်းထုတ်တဲ့သူက ဟောမှာ မဟုတ်ဘူးလေ၊ သုမေဓာဘဝ ရောက်တဲ့အခါ အခြေအနေတွေက လုံးဝပြည့်စုံသွားပြီ၊ ပါရမီတွေ တော်တော်အရှိန်ရလို့ နောက်မဆုတ်တဲ့အဆင့် ရောက်သွားပြီလို့ ဒီလို ပြောရမယ်၊ အဲသလောက်ထိအောင် ပါရမီဖြည့်ပြီးမှ အဲဒီ အတိုင်းအတာ ရောက်လာပြီဆိုမှ ဗျာဒိတ်ရတာ။

ဒါကြောင့်မို့ (စာပေကြီး ကျမ်းကြီး ကျမ်းဂန်က ဆိုတာတော့မဟုတ်ဘူး) ဇိနတ္ထပကာသနီ ကျမ်းမှာ "စိန္တိတံ သတ္တာသင်္ချေယျံ၊ နဝါသင်္ချေယျ ဝါစကံ" လို့ ဘုရားဖြစ်ဖို့ ဆုပန်မယ်လို့ ဘုရားဖြစ်ချင်တဲ့ အတွေးတွေ ဝင်နေတာ (၇)အသင်္ချေ၊ (၇)အသင်္ချေ ဆိုတာ မရေတွက်နိုင်တဲ့ ကမ္ဘာ အကြာကြီးဘဲလို့ ပြောတာပေါ့နော်။ အသင်္ချေယျဆိုတဲ့ ဂဏန်းက (၁)ရဲ့နောက်မှာ သုံးညပေါင်း (၁၄၀)ရှိတယ်၊ အဲဒါကို အသင်္ချေယျလို့ ပြောတာ၊ စိန္တိတံ သတ္တာသင်္ချေယျံ- စိတ်ကူးကြံစည်နေတာ (၇)အသင်္ချေ၊ နဝါသင်္ချေယျ

ဝါစကာ-ကုသိုလ်ကောင်းမှုလုပ်တိုင်း "ဘုရားဖြစ်ရပါလို၏ ဘုရားဖြစ်ရပါလို၏"လို့ နှုတ်မြွက်ဆုတောင်းတာ (၉)အသင်္ချေတဲ့၊ အင်မတန်မှ ကြာတယ်။

အဲဒီအဆင့်ပြီးမှ သုမေဓာဘဝ ရောက်တယ်၊ သုမေဓာဘဝမှာလည်း ပါရမီဖြည့်တာ ကြည့်၊ သုမေဓာဆိုတာ အင်မတန်မှ ချမ်းသာတယ်၊ မိဘတွေမရှိတဲ့အခါ ပစ္စည်းတွေကိုလက်ခံ၊ ဘဏ္ဍာတိုက်ကြီးတွေကို ဖွင့်ပြီးတော့ ဘဏ္ဍာကိုထိန်းတဲ့ ပုဂ္ဂိုလ်က စာရင်းနဲ့အင်းနဲ့ပြတယ်၊ စာရင်းပြတဲ့အခါမှာ "ဒါက အဘေး လက်ထပ်က၊ ဒါက အဘိုးလက်ထပ်က"ဆိုပြီးပြတယ်၊ မြန်မာပြည်မှာတော့ တစ်ဆက်လောက်ဆိုရင် မရှိတော့ဘူး၊ သူတို့ခေတ်မှာတော့ အဲသလို မိဘလက်ငုပ်ပစ္စည်းတွေ အများကြီးရှိတယ်၊ ဘိုးဘွားမိဘပိုင်ဆိုင်လာတဲ့ ရတနာတွေ အဲဒါတွေ တစ်သန့်စီ တစ်သန့်စီ၊

စာရင်းလုပ်ထားတာ၊ သူ့မိဘ လက်ထက်တိုင်အောင် စာရင်းတွေနဲ့ ဘဏ္ဍာတိုက်တွေ အကုန်ဖွင့်ပြတယ်၊ ပစ္စည်းတွေကို အပ်နှံတယ်ပေါ့။

အဲဒီအခါ သာမန်ပုဂ္ဂိုလ်ဆိုရင် "ငါ ဒါတွေ ဘာသုံးမလဲ"လို့ သုံးဖို့ဘဲစဉ်းစားမှာပေါ့၊ ဘုရားအလောင်းတော်ကျတော့ ဘယ်လို စဉ်းစားတုန်း။ "အေး ဒီပစ္စည်းတွေ ရှာတဲ့သူတွေ တစ်ယောက်မှ မရှိကြတော့ဘူး၊ သူတို့ရှာထားတဲ့ ပစ္စည်းတွေ ဒီမှာကျန်နေရစ်တယ်၊ ငါရဲ့ဘိုးဘွား မိဘဆွေမျိုးတွေ ပစ္စည်း ရှာသွားကြတယ်၊ တစ်ယောက်မှ ဒီပစ္စည်းတွေ ယူမသွားကြဘူး၊ ငါလည်း ဒီလမ်းလိုက်ရမှာ၊ ငါတော့ ဒီပစ္စည်းတွေ အကုန်ယူသွားမယ်၊ ဒါတွေကို ငါ ဆက်မထိန်းတော့ဘူး" ဒီလိုတွေးတယ်။

ကဲယူသွားတဲ့ နည်းကို သူဘယ်လို စဉ်းစားတုန်း "သေရင် ပစ္စည်းကို ယူလို့ ဘယ်လိုမှ မရဘူး၊ ဒီပစ္စည်းတွေကို စွန့်ကြဲလှူဒါန်းခြင်းဆိုတဲ့ ဒါနပါရမီ

ဘဲ ယူမယ်”လို့ ဘဏ္ဍာတိုက်တွေကို အကုန်ဖွင့်ပြီး စွန့်လှူလိုက်တယ်၊ (၇)ရက်(၇)လီ ပေးတာတောင် မကုန်တော့ ဒီအတိုင်း စွန့်လှူ ထားခဲ့ပြီး တောထွက်သွားတယ်။

ဒီနေရာမှာ ဒါနဆိုတာ ဘာကို တွန်းလှန်လိုက်တာတုန်းဆိုရင် လောဘကို တွန်းလှန်လိုက်တာဘဲ၊ ကိုယ့်ပစ္စည်းလေးဆိုရင် အပ်ကလေးတစ်ချောင်းတောင် မပေးနိုင်ဘူးလေ၊ တော်ကြာ “ငါ့ ဒါလေးအသုံးလိုရင် မရှိရင် ခက်လိမ့်မယ်”ဆိုတဲ့ အတွေးက ဝင်ထားတယ် ဘာမှမပေးနိုင်ဘူး၊ ကိုယ့်ပစ္စည်းဆိုရင် ဒါလေး ပေးမလားဆိုရင် ဒါလေးက ငါ သိမ်းထားတယ်၊ ဟိုဟာလေး ပေးမလားဆိုရင် ဟိုဟာလေးလည်း မပေးနိုင်ဘူး၊ အဲလိုပေါ့။

ထီပေါက်တဲ့ သူငယ်ချင်း နှစ်ယောက်လိုပေါ့၊ သူငယ်ချင်း သိန်းထီပေါက်တယ် ဆိုတော့ သူငယ်ချင်းတစ်ယောက်က လာတယ် “သူငယ်ချင်း

ငါ့နည်းနည်းပေးပါကွာ၊ ငါ့ကို တစ်သောင်းလောက် ပေးပါ"လို့ တောင်းတယ်တဲ့၊ မင်း တစ်သောင်း လောက် ပေးလိုက်ရင် ငါသိန်းဆုရှင် ဘယ်ဖြစ်တော့ မတုန်း၊ အဲဒါဆိုရင် တစ်ထောင်လောက်ပေး၊ တစ်ထောင်လည်း ငါသိန်းဆုရှင် မဖြစ်ဘူး၊ တစ်ရာ လောက်ပေး၊ တစ်ရာလည်းမပေးနိုင်ဘူး၊ တစ်ကျပ် ကော တစ်ကျပ်လည်း မပေးနိုင်ဘူး၊ ကဲနောက်ဆုံး တစ်ပြားထိတောင် မပေးနိုင်ဘူး၊ ဘာဖြစ်လို့တုန်း ဆိုရင် လောဘကြောင့်ပဲ၊ လောဘဆိုတာ မရခင် လိုချင်တယ်၊ ရပြီးရင် ဆုပ်ကိုင်ထားတယ်၊ ဒီအတိုင်း ဘဲ မရသေးခင် ရအောင်လုပ်မယ်၊ ရပြီးရင် ဆုပ်ကိုင် ထားမယ် ဒါလောဘရဲ့သဘော။

ဘုရားလောင်းသုမေဓာက သူပိုင်တဲ့ ပစ္စည်း ဥစ္စာတွေ စွန့်လိုက်တယ်ဆိုတာ ဆုပ်ကိုင်ထားတဲ့ လောဘကို သူအနိုင်ယူလိုက်တဲ့သဘောပဲ၊ သူ့စိတ် ဟာ ဘယ်လောက် ပြတ်သားတယ်ဆိုတာ စဉ်းစား

ကြည့်ရင် ဒါကို ဒါနပါရမီလို့ ခေါ်တာဘဲ။

သုမေဓာက ဒီပင်္ကရာမြတ်စွာဘုရားနဲ့ မတွေ့ခင်မှာဘဲ သူ့ပစ္စည်းတွေကို စွန့်လိုက်ပြီး ရသေ့ဝတ်သွားတယ်၊ ဟိမဝန္တာတောင်မှာနေရင်း ဈာန်အဘိညာဉ်ရပုဂ္ဂိုလ် ဖြစ်တယ်၊ ရသေ့တွေ တောထဲမှာနေရတဲ့အခါ ဆားတွေဘာတွေ မစားရလို့ ရောဂါတစ်မျိုး ဖြစ်တယ်၊ ဒါကြောင့်မို့ အချဉ်တို့ဆားတို့မှီဝဲဖို့အတွက် လူ့ရွာကို လာကြတယ်၊ အဲဒီလို လာတဲ့အချိန်မှာ လူတွေ ဖွေးဖွေးလှုပ် လမ်းပြင်နေကြတာကို မြင်တယ်၊ အဲဒီမှာသူကဆင်းမေးတယ် "ဘာအတွက်လမ်းပြင်ကြတာတုန်းဆိုတော့ လောကမှာ ဘုရားပွင့်နေပြီ ဘုရားကြွလာလိမ့်မယ်လို့ ပြောတယ်။

အဲဒီမှာ ဘုရားဆိုတဲ့ အသံလေးကြားလိုက်တာနဲ့ ကြက်သီးထသွားတယ်၊ ဘုန်းကြီးတို့ တတွေဘုရားလို့ ကြားလိုက်တာနဲ့ ကြက်သီးမထသေးဘူးနော်၊ အဲဒါကိုက တော်တော် ပါရမီ နည်းသေးတယ်

လို့ ပြောရမယ်၊ သူကျ ဘုရားဆိုတဲ့အသံလေး ကြားလိုက်တာနဲ့ ကြက်သိမ်းမွေးညှင်း ထသွားတယ်၊ ဘုရားပွင့်ပြီဆိုလို့ သိပ်ဝမ်းသာတာ၊ အဲတော့ လမ်းပြင်နေတဲ့သူတွေကို "သူ့လည်း နေရာပေးပါ၊ ဝိုင်းပြီးတော့သူလည်းပြင်ပါရစေ၊ ဘုရားဆိုတာ လောကမှာ အင်မတန်ပေါ်ခဲတယ်"လို့ ပြောတယ်။

လူတွေကလည်း ခက်ခဲတဲ့နေရာသူ့ကို ပေးတယ်၊ "ဒီရသေ့က တန်ခိုးကြီးတယ် သူ့တန်ခိုးနဲ့ ပြင်ရင်မြန်မှာဘဲ"လို့ တွေးကြတယ်၊ ဟိုက တန်ခိုးကို အသုံးမချဘူး၊ သူများတွေလုပ်သလို ကိုယ့်ရဲ့ ကာယလုပ်အားကို အသုံးချပြီး လုပ်တယ်၊ နောက်ဆုံးမှာ သူ့နေရာက ကျယ်လည်းကျယ်တယ်၊ ဆိုးလည်း ဆိုးတယ်ဆိုတော့ ဘုရားကြွလာတဲ့အချိန် မမီတော့ဘူး၊ ဗွက်တွေကို မြေဖို့တာတို့ လမ်းညှိတာတို့ မပြီးဘူး၊ လူတစ်ရပ်စာလောက် ကျန်နေတယ်၊ အဲတော့ သူ့စိတ်မှာ ဘယ်လိုဖြစ်တုန်းဆိုရင် "အကယ်၍သာ

ဘုရားရဟန္တာတွေ ဒီလမ်းက ကြွရင်တော့ ခြေထောက် ဗွက်တွေလူးတော့မှာဘဲ ဘုရားရဟန္တာတွေရဲ့ ခြေထောက် ဗွက်မလူးစေရဘူး" ဆိုပြီး အဲဒီရွှံ့ညွန်ပေါ်မှာဘဲ သူ့ခန္ဓာကိုယ်ကို အလျားမှောက်လိုက်တယ်၊ တံတားအဖြစ် သူ့ကိုယ်ကို အသုံးပြုပြီး ဟိုဘက်သွားပါလို့ လျှောက်ထားတယ်၊ ခန္ဓာကိုယ်ကို တံတားအဖြစ်ခင်းပြီး လှူဒါန်းတယ်၊ ဒါဟာ နည်းတဲ့ သဒ္ဓါတရား မဟုတ်ဘူးနော်။

မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတစ်ပါး နှစ်ပါး မဟုတ်ဘူး သိန်းချီပါတယ်၊ ဒီကိုယ်တော်တွေ အကုန်နင်းကြွသွားရင် အမှုန့်တောင် ဖြစ်သွားနိုင်တယ်၊ ဒါသူမသိဘူးလား သိတယ်လေ အသက်စွန့်လုပ်တာ၊ သာမန်အားဖြင့်ပြောမယ်ဆိုရင် သုမေဓာ ရသေ့ကြီး တံတားခင်းပြီးတော့ ဘုရားကို ပူဇော်တယ်ဆိုတာ သာမန်လူက စဉ်းစားကြည့်လိုက်မယ်ဆိုရင် လွယ်တယ်လို့ ထင်ကောင်းထင်လိမ့်မယ်၊ တစ်ကယ်

ခက်ခဲတာ၊ အသက်စွန့်ပြီး လုပ်ရတာ။ အဲဒီလောက် စိတ်ဆန္ဒတွေ အင်မတန်မှ ပြင်းထန်တယ်။

မြတ်စွာဘုရားက အဲဒီအချိန်မှာ ဒီရသေ့ရဲ့ စိတ်ဆန္ဒက တယ်ကြီးကျယ်ပါလား၊ သူ့ရဲ့ ကုသိုလ်စိတ်ဟာ အင်မတန်မှ ထက်သန်တာပါလားဆိုတာကို ကြည့်လိုက်တယ်၊ သူ့မှာ ပါရမီတွေ တော်တော်ကို လေ့ကျင့်ထားတာ၊ တော်တော် အခြေအနေတွေ ကောင်းနေတာ၊ မိုးလေဝသပညာရှင်က မုန်တိုင်းထန်ဖို့ လေဖိရပ်ဝန်းကြီး ပင်လယ်ထဲပေါ်နေတာ သေချာပေါက် မုန်တိုင်းကြီး ဖြစ်တော့မယ်လို့ မြင်သလို ဒီပင်္ကရာ မြတ်စွာဘုရားက ဒီဆန္ဒမျိုး၊ ဒီဝီရိယမျိုး၊ ဒီစိတ်ဓာတ်မျိုးနဲ့ကတော့ ဒီပုဂ္ဂိုလ်ဟာ အနာဂတ်ဘာဖြစ်မလဲလို့ ကြည့်လိုက်တယ်၊ ဘုရားဖြစ်မယ်ဆိုတာ သေချာသိတော်မူတယ်၊ အဲဒါကြောင့် ဒီပင်္ကရာမြတ်စွာဘုရားက သုမေဓာရသေ့ကို ဗျာဒိတ်ပေးခဲ့တယ်။

လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းရဲ့ အထက်မှာ ဒီပင်္ကရာ မြတ်စွာဘုရားကစပြီး သုမေဓာရသေ့ရဲ့ အနာဂတ် ဟောစာတမ်းကို ထုတ်ပြန်လိုက်တာဘဲ၊ ဗျာဒိတ်ဆိုတာ ဘယ်တော့မှ မလွဲမှားတဲ့ ဟောကြားချက်ပဲ၊ အခြေအနေတွေ အကုန်လုံးကို အနာဂတံသ ဉာဏ်နဲ့ သုံးသပ်တယ်၊ အနာဂတံသဆိုတာ အနာဂတ် အပိုင်းကို မြင်တာ၊ ပစ္စုပ္ပန်ပေါ်မှာ အခြေခံပြီးမှ အနာဂတ်ကိုပြောတာ၊ အဲသလို အနာဂတ်ကိုမြင်တဲ့ ဉာဏ်တော်နဲ့ မြတ်စွာဘုရားက လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပြည့်တဲ့အခါမှာ ဒီပုဂ္ဂိုလ်ဟာ ဘုရားဖြစ်လိမ့်မယ်လို့ ဗောဓိသတ္တအဖြစ် သတ်မှတ်လိုက်တာနော်။

သုမေဓာရသေ့ဘဝမှာ ဗျာဒိတ်ခံတယ်ဆိုတာ ဘယ်နေ့တုန်းလို့ဆိုရင် ကဆုန်လပြည့်နေ့ပဲ၊ ဒါကြောင့်မို့ ကဆုန်လပြည့်ဟာ ဗုဒ္ဓရဲ့ဘဝနဲ့ ဆက်စပ်ပြီးတော့ ပြောမယ်ဆိုရင် ဗျာဒိတ်ခံခဲ့တာ

လည်း ကဆုန်လပြည့်နေ့ပဲ၊ နောက်ဆုံးဘဝမှာ ဖွားတော်မူတာလည်း ကဆုန်လပြည့်နေ့ပဲ၊ ဘုရားအဖြစ်သို့ ရောက်တော်မူတာလည်း ကဆုန်လပြည့်နေ့ပဲ၊ ဘဝအဆုံးသတ်ပြီး ပရိနိဗ္ဗာန်စံတာလည်း ကဆုန်လပြည့်နေ့ပဲ၊ အကျဉ်းချုပ်ပြောမယ် ဆိုလို့ရှိရင် "ဗျာဒိတ်တော်ခံ ဖွား ပွင့် စံ"လို့ ပြောနိုင်တယ်။

ဒီကဆုန်လပြည့်ဟာ ဗုဒ္ဓဘာသာဝင်တွေအတွက် အင်မတန်မှ ထူးခြားတဲ့ ဗုဒ္ဓဘဝနဲ့ ဆက်စပ်နေတဲ့ လပြည့်နေ့ပါ၊ ဒီဘဝတင် ပြောမယ်ဆိုရင် "ဖွား ပွင့် စံ"ပေါ့၊ ဖွားတော်မူတာရယ်၊ ဘုရားအဖြစ်သို့ ရောက်တော်မူတာရယ်၊ ပရိနိဗ္ဗာန်စံတာရယ် သုံးခု၊ သို့သော် ဒီဘဝမကဘူး။ ဘုရားအလောင်းရဲ့ သံသရာဘဝပါ ထည့်ပြီးတော့ ပေါင်းလိုက်မယ်ဆိုရင် ဗျာဒိတ်တော် ခံတာလည်း ဒီလဖြစ်တယ်။

ဗုဒ္ဓဝင်ပါဠိတော်မှာ ဘယ်လိုပါတုန်းဆိုရင်

နတ်တွေဗြဟ္မာတွေ အဲဒီဗျာဒိတ်ခံတဲ့ပွဲမှာ သုမေဓာ ရသေ့လေးကို ဘုရားအလောင်းဆိုပြီး ဝိုင်းဝန်းပူဇော် ကြတယ်။ အဲလို ပူဇော်တဲ့အထဲမှာ သူတို့ကလည်း အတည်ပြုကြတယ်၊ ဒီပင်္ကရာဘုရားက "အနာဂတ် မှာ ဘုရားဖြစ်လိမ့်မယ်"လို့ ဗျာဒိတ်ဟောတဲ့ စကား ဟာ ဘယ်တော့မှ မလွဲဘူး၊ ကောင်းကင်က ကြယ်တွေ ဟာ တောက်ပပြီးတော့ နေကြတယ်၊ နက္ခတ်တွေ ကလည်း ထင်ထင်ရှားရှား ပေါ်ထွက်လာတယ်၊ ညအခါ ထွက်ပေါ် လာတဲ့ လပြည့်ဝန်းကြီးဟာလည်း ဝိသာခဆိုတဲ့ နက္ခတ်နဲ့ ယှဉ်တွဲပြီးတော့ ဖြစ်ပေါ် လာတယ်ဆိုတာ အထောက်အထားပဲတဲ့။

ကဆုန်လပြည့်နေ့ကို အိန္ဒိယမှာ ဘယ်လို ခေါ်တုန်းဆိုရင် 'ဝေဆာခ်'လို့ ခေါ်တယ်၊ 'ဝေဆာခ်' ဆိုတာ ဝိသာခကိုပြောတာ၊ ဝေသာခဆိုတဲ့ စကားလုံး ကို ပါဠိစကားလုံးမှာ 'ဝေသာခ'ဘဲ၊ အိန္ဒိယက လူတွေရဲ့ အသံထွက်တဲ့အရ 'ဝေဆာခ်' ဒီလို

အသံထွက်တာ။

၂၀၀၀ပြည့်နှစ်က ကုလသမဂ္ဂ (UN)က ဆုံးဖြတ်ချက်တစ်ခု ချတယ်၊ ဗုဒ္ဓရဲ့ အဆုံးအမ တွေဟာ ထူးခြားတဲ့ အဆုံးအမတွေဖြစ်တယ်၊ ဗုဒ္ဓဟာ အင်မတန်မှ ထူးခြားတဲ့ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်၊ ကမ္ဘာကြီးငြိမ်းအောင် လူတွေရဲ့ စိတ်နှလုံး ပူလောင်မှုတွေကို ငြိမ်းချမ်းအောင် ဟောပြောနိုင်တဲ့ အင်မတန်မှ ထူးချွန်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ သူမွေးဖွားတဲ့ရက်ကို ကမ္ဘာ့ရုံးပိတ်ရက်အဖြစ် အသိအမှတ် ပြုသင့်တယ်လို့ အဆိုတင်သွင်းတယ်၊ တစ်ကမ္ဘာလုံးက အသိအမှတ် ပြုပြီး သတ်မှတ်ထားတဲ့ ရုံးပိတ်ရက်တစ်ခု ဖြစ်တယ်၊ "ဝေဇက်တက်ဟောလီဒေး"လို့ ခေါ်တယ်။

တစ်ချို့နိုင်ငံတွေမှာ ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်အရ ဝေဆာခ်ပွဲတွေ ကျင်းပကြတယ်၊ မြတ်စွာဘုရားရဲ့ဂုဏ်တော်၊ ကျေးဇူးတော်တွေကို အာရုံပြုပြီး လုပ်သင့်လုပ်ထိုက်တဲ့ ပွဲဘဲ။

ဘုန်ကြီးတို့ သီရိလင်္ကာနေတုန်းက သီရိလင်္ကာက ဝေဆာခ်ပွဲဟာ အလွန်ကြီးကျယ်တယ်၊ အခု မြန်မာပြည်မှာ ကြီးကျယ်နေတာ သင်္ကြန်ပွဲဖြစ်တယ်၊ ကဆုန်လမှာ သာမန်ညောင်ရေသွန်းပွဲ လောက်ဘဲ လုပ်ကြတယ်၊ ဒီနေ့က ဘုရားဖွားတော်မူတဲ့ နေ့လည်း ဖြစ်တယ်၊ ဘုရားအဖြစ်သို့ ရောက်တော်မူတဲ့ နေ့လည်းဖြစ်တယ်၊ ပရိနိဗ္ဗာန်စံတော်မူတဲ့ နေ့လည်း ဖြစ်တယ်၊ အင်မတန်မှ ထူးခြားတဲ့နေ့။ ဒီထဲမှာ ထပ်ထည့်မယ်ဆိုလို့ရှိရင် ဗျာဒိတ်ခံတဲ့ နေ့လည်း ဖြစ်တယ်၊ ဒါကြောင့်မို့ "ကဆုန်လပြည့် ဗုဒ္ဓနေ့" ဆိုတာ အင်မတန်မှ ထူးခြားတယ်၊ ဗုဒ္ဓဘာသာ နိုင်ငံတွေမှာ ကဆုန်လပြည့်နေဟာ တကယ့်ကို အမှတ်တရ လုပ်သင့်တဲ့နေ့ပဲ၊ သီရိလင်္ကာနိုင်ငံမှာ နှစ်လ လောက်က ကြိုပြီး "ဝေဆာခ်ကဒ်"ဆိုတာ (ခရစ်စမတ်ကဒ်လို)ထုတ်ဝေကြတယ်။ မြတ်စွာ ဘုရားဟောတဲ့ ဒေသနာတွေ၊ ဘုရားပုံတော်တွေနဲ့

ဂရိုးတင်းကဒ်တွေ သူငယ်ချင်းတွေ တစ်ဦးနဲ့တစ်ဦး၊ ဗုဒ္ဓဘာသာတွေ တစ်ဦးနဲ့တစ်ဦး ပေးပို့ကြတယ်။

ဗမာပြည်မှာ အဲဒါလုပ်သင့်တယ်၊ ညောင်ရေသွန်းရုံလောက်တင် မဖြစ်သင့်ဘူး၊ ဗုဒ္ဓနေ့ ညောင်ရေသွန်းတာက ဗုဒ္ဓရဲ့ ဖွားဘက်တော် ဗောဓိပင်ဘဲ ရေလောင်းဖို့ သတိရကြတယ်၊ မြတ်စွာဘုရားရဲ့ ဘဝကို မေ့နေသလို ရှိတယ်ပေါ့၊ ကိုယ့်မွေးနေ့ပွဲတွေ လုပ်ကြတယ်၊ ဘုရားမွေးနေ့ကိုတော့ မေ့နေကြတယ်လို့ ပြောစရာဖြစ်တယ်။

ဧပြီလ(၁၇)ရက်ဟာ ဗမာနှစ်ဆန်း တစ်ရက်ဘဲ၊ ဇန်နဝါရီ တစ်ရက်ကတော့ ကမ္ဘာ့နှစ်ဆန်း တစ်ရက်ဖြစ်တယ်၊ အဲဒီနေ့ကျတော့ ဗမာရော ကမ္ဘာရော happy new yearလို့ နှုတ်ဆက်ကြတာ အများကြီးဘဲ new year မှန်းသိကြတယ်၊ ဧပြီ (၁၇)ရက် new year ကျတော့ အသံတိတ်နေကြတယ်၊ happy new year လုပ်မယ့်သူ တစ်ယောက်မှ မတွေ့ဘူး၊

ဘုန်းကြီးတို့ တယ်လီဖုန်းထဲ ဇန်နဝါရီ (၁)ရက်နေ့မှာ happy new year နှုတ်ခွန်းဆက်တွေ ဝင်လာတယ်၊ အခု ပြေ(၁၇)ရက်ကျတော့ မဝင်ဘူး၊ အဲဒီနေ့မှာဘဲ ကနေဒါနေတဲ့ ဒကာကြီးတစ်ယောက်က ဖုန်းဆက် တယ်၊ ဘုန်းကြီးက ဒီနေ့ မြန်မာနှစ်ဆန်းတစ်ရက် happy new yearလို့ ပြောလိုက်တော့ "ဟုတ်လား ဘုရား၊ တပည့်တော် အမှတ်မရဘူးဘုရား"တဲ့။

ဗုဒ္ဓနေ့ကိုတော့ အမှတ်ရကြပါလို့ ဗုဒ္ဓ ဘာသာဝင်တွေကို ပြောချင်တယ်၊ ကိုယ်ကိုးကွယ်တဲ့ ဘုရားဟာ ကိုယ့်အပေါ် ဘယ်လောက်ကျေးဇူးရှိလဲ စဉ်းစားကြည့် ကုသိုလ်၊ အကုသိုလ်၊ လုပ်သင့်တာနဲ့ မလုပ်သင့်တာ၊ အပြစ်ရှိတာနဲ့ အပြစ်မရှိတာ၊ ဘဝ ခရီး ဘယ်လိုလျှောက်လှမ်းရမယ်ဆိုတဲ့ တရားမွေ တွေ ဟောပြောနေတာ ဘယ်သူတုန်းဆိုရင် ဘုရားဘဲ၊ ဘုန်းကြီးတို့ဟောတယ်ဆိုတာ ဘုရားတရားတွေ ပြန်ဟောနေရတာ၊ ကမ္ဘာကြီးကို ငြိမ်းချမ်းအောင်

စွမ်းဆောင်နိုင်ပြီးတော့ လူတွေရဲ့ ဒုက္ခတွေ လျော့ပါး အောင် ဟောပြောပေးတဲ့ ကျေးဇူးရှင်ဟာ ဘယ်သူ တုန်းဆိုရင် ဗုဒ္ဓဘဲပေါ့၊ အဲတော့ မြတ်စွာဘုရားရဲ့ ဖွားတော်မူတဲ့နေ့ဟာ မမေ့သင့်တဲ့ နေ့တစ်နေ့ပါပဲ၊ ညောင်ရေသွန်းပွဲလေးနဲ့တင် အားမရဘဲနဲ့ မြတ်စွာ ဘုရားရဲ့ ဖွားတော်မူတဲ့နေ့မှာ အထူးတလည် မြတ်စွာ ဘုရားကို ပူဇော် သင့်တာပေါ့။

အဲတော့ ဗုဒ္ဓနေ့ကို အလေးအနက်ထားပြီး လုပ်သင့်တယ်၊ ကုလသမဂ္ဂဆုံးဖြတ်ချက်ကြောင့် တစ်ချို့နိုင်ငံတွေမှာဆိုရင် 'ဝေဆာခ်ပွဲတော်' ဆိုပြီး တော်တော်လေး ကြီးကြီးကျယ်ကျယ် လုပ်နေကြပြီ၊ ခုမြန်မာပြည်မှာတော့ လုပ်တာ သိပ်မတွေ့သေးဘူး ပေါ့နော်၊ လုပ်သင့်လုပ်ထိုက်တယ်ပေါ့၊ သူများတွေ လုပ်လုပ်မလုပ်လုပ် ကိုယ့်ဗုဒ္ဓဘာသာ ဝင်တွေကနေ ပြီးတော့ အထူးတလည် ကိုယ်တတ်နိုင်တဲ့ ရှုထောင့်က နေပြီးတော့ လုပ်သင့်တယ်။

ဒါကြောင့်မို့ ခုလို "ကဆုန်လပြည့် ဗုဒ္ဓနေ့" မှာ တရားဓမ္မ ဟောပြောနာယူကြပြီး ဘုရားကို ပူဇော်တယ်၊ ကျေးဇူးဆပ်တယ်။ ဒီလို ဓမ္မသဘင် အခမ်းအနားတွေဟာလည်းဘဲ ဗုဒ္ဓကြိုက်တဲ့ ကျေးဇူးဆပ်နည်းတစ်ခုပါဘဲ၊ မြတ်စွာဘုရား ကိုယ်တိုင်က သစ်သီး၊ပန်း၊ရေချမ်းတို့ဖြင့် ပူဇော်တာဟာ မကောင်းဘူးလို့ ငါမဆိုလိုဘူး၊ ကုသိုလ်မရဘူးလို့ မပြောလိုဘူး၊ မြတ်စွာဘုရားက ဘာနဲ့ ပူဇော်စေချင် တုန်းဆိုရင် "သမ္မာပဋိပတ္တိ အနုတ္တရာပူဇာ" သီလနဲ့ ပူဇော်မယ်၊ ကမ္မဋ္ဌာန်းထိုင်ပြီး ပူဇော်မယ်၊ ကဆုန်လပြည့်နေ့လေးမှာ ရှစ်ပါးသီလ၊ ကိုးပါးသီလ ဆောက်တည်ပြီး ဘုရားကို ပူဇော်မယ်၊ အင်မတန်မှ မွန်မြတ်တယ်လို့ ပြောတယ်။

ပန်းဝယ်ပြီး လှူလို့ရှိရင် နည်းနည်း ပိုက်ဆံကုန်အုံးမယ်၊ ဘာမှ အကုန်အကျမရှိတဲ့ ပူဇော်နည်းက အဲဒီနေ့မှာ သီလဆောက်တည်မယ်၊ တရားထိုင်

မယ်၊ ဘုရားဂုဏ်တော်ပွားမယ်၊ ဒါ အကောင်းဆုံး ပူဇော်ခြင်းပဲ။ သမ္မာပဋိပတ္တိ– မှန်မှန်ကန်ကန် ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်း၊ မဂ္ဂင်ရှစ်ပါး အလုပ်ကိုလုပ်ခြင်း၊ ကမ္မဋ္ဌာန်း နှလုံးသွင်းခြင်းဟာ၊ အနုတ္တရာပူဇာ–အကောင်းဆုံး ပူဇော် ခြင်းဘဲ၊ အခုလို တရားပွဲလုပ်ပြီးတော့ တရားနာတယ်၊ ကောင်းတဲ့ ပူဇော်ခြင်းဘဲ၊ ဒီလို ပူဇော်ရမယ်လို့ မြတ်စွာဘုရားက ဟောထားတယ်။ အေး ဒါကြောင့်မို့ အကောင်းဆုံး ပူဇော်ခြင်းဟာ တရားနဲ့ပူဇော်ခြင်း မြတ်စွာဘုရား အနှစ်ခြိုက်ဆုံး ပူဇော်ခြင်းဘဲ ဖြစ်တယ်ပေါ့။

အခုကဲ့သို့ ဗျာဒိတ်တော်ရတယ်ဆိုတာ ဘယ်လိုအင်္ဂါရပ်တွေနဲ့ ပြည့်စုံရမလဲ၊ ဗျာဒိတ်ရဖို့ရန် အတွက် အင်္ဂါ(၈)ချက် ရှိတယ်နော်၊ (၁)မနုဿ ဘာဝ–လူသားဖြစ်ရမယ်၊ ဒါ ပထမဆုံး ဗျာဒိတ်ကို ရည်ညွှန်းတာ ဖြစ်တယ်၊ ဘာဖြစ်လို့တုန်းဆိုရင် တိရိစ္ဆာန်ဘဝနဲ့ ဗျာဒိတ်ခံတာလည်း ရှိတယ်၊

နတ်ဘဝနဲ့ ဗျာဒိတ်ခံတာလည်း ရှိတယ်။

၁–ဒီပင်္ကရာဗုဒ္ဓ

ပထမဆုံး ဒီပင်္ကရာမြတ်စွာဘုရားနဲ့ တွေ့တဲ့ အခါမှာ လူသားစစ်စစ် ဖြစ်တယ်၊ (၂)လိင်္ဂသမ္ပတ္တိ– ယောကျ်ားသားစင်စစ် ဖြစ်တယ်၊ (၃)ဟေတု– ပြည့်စုံလုံလောက်တဲ့ ပါရမီအကြောင်းတရားတွေ ရှိပြီးသားဖြစ်ရမယ်။ (၄)သတ္ထာရဒဿန–မြတ်စွာဘုရားကို ဖူးတွေ့ရမယ်၊ ကိုယ်တိုင်ဖူးတွေ့ရမယ်၊ (၅)ပဗ္ဗဇ္ဇာ–ရသေ့ရဟန်းတို့ ဘုရားသာသနာမဟုတ်ရင် ရသေ့သူတော်စင်ဘဝ ဖြစ်ရမယ်၊ (၆)ဂုဏသမ္ပတ္တိ– သမထကျင့်စဉ်တစ်ခုနဲ့ တရားထူးတရားမြတ် ပေါက်ရောက်ထားတဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်၊ (၇)အဓိကာရ– လွန်ကဲတဲ့ ကုသိုလ်ကောင်းမှုပြုတာ ဖြစ်ရမယ်၊ အခု သူ့ကုသိုလ်ဟာဘယ်လောက်လွန်ကဲတုန်း၊ သူ့မှာ ငွေကြေးနေတွေ

ကို အကုန်စွန့်ခဲ့ပြီး ရသေ့မရောက်မီကပင် သူ ချမ်းသာသမျှတွေ အကုန်ပေးခဲ့ပြီးပြီ၊ သူဘာရှိတုန်း ဝတ်ထားတဲ့အဝတ်ဘဲ ရှိတယ်နော်၊ ဘာမှမရှိဘူး၊ ရသေ့မှာ တောင်ဝှေးတို့ ပါချင်ပါမှာပေါ့နော် အဲသ လောက်ဘဲရှိတယ် သူဘာမှမရှိဘူး၊ အဲတော့ ဘာမှ မရှိရင်မပူနဲ့ ခန္ဓာကိုယ်ကို ဘုရားလှူတာ၊ လှူနိုင်တာ ကို ကြည့်နော်။

တစ်ချို့က တပည့်တော်တို့ မချမ်းသာလို့ မလှူနိုင်ဘူးဘုရား၊ ဘယ်တော့ ချမ်းသာမှာတုန်း မေးရင်တော့ "မရှိလို့မလှူ၊ မလှူလို့မရှိ"ထဲ သွားမှာ ဘဲ၊ သေချာတာ လုပ်လို့ရသလောက် လုပ်ရမှာပေါ့။

သုမေဓာရသေ့ သူလက်ခြေရှိတာဘဲ ကိုယ် ကို ဝပ်ဆင်းတံတားခင်းပြီးတော့ ဘုရားကိုလှူတာ ဒါကိုအဓိက ထားတာပေါ့၊ အသက်စွန့်ပြီး လုပ်တာ သာမန်အလှူမဟုတ်ဘူး၊ အသက်စွန့်လှူတာ၊ ဆန္ဒသာ ဘုရားဖြစ်ချင်တဲ့ဆန္ဒ၊ သူ့စိတ်ထဲမှာ ဒီပင်္ကရာ

မြတ်စွာဘုရားနဲ့တွေ့လို့ ဘုရားဆီက တရားနာပြီးတော့ နိဗ္ဗာန်ဝင်မယ်ဆိုတဲ့ စိတ်ဘဲရှိတာ ဒီပင်္ကရာဘုရားလို ဘုရားဖြစ်ရမယ်ဆိုတဲ့ ဆန္ဒရှိတယ်၊ (၈)ဆန္ဒတာ– အင်မတန်မှ ကြီးမားတဲ့ ဆန္ဒရှိတယ်၊ အဲဒီ(၈)ချက် ပြည့်စုံပြီဆိုရင် ဗျာဒိတ်ရပါတယ်။

သုမေဓာရသေ့ဘဝကစပြီး ဒီပင်္ကရာမြတ်စွာဘုရားနဲ့ တွေ့လိုက်တယ်၊ ပထမဆုံး ဗျာဒိတ်စကားကို မှတ်သားပြီး ပါရမီ(၁၀)ပါးကို ကြိုးစားဖြည့်ကျင့်လိုက်တာ၊ ဒီပင်္ကရာ မြတ်စွာပွင့်ပြီးတဲ့နောက်မှာ ကမ္ဘာပေါင်းအသင်္ချေ၊ အသင်္ချေယျဆိုတာ မရေတွက် နိုင်တာ (သို့) ရေတွက်လို့ မရနိုင်အောင်ကြာတဲ့ ကမ္ဘာအရေအတွက် တစ်ခုကို ကျော်လွန်ပြီးမှ ကောဏ္ဍညဗုဒ္ဓဆိုတာ ပွင့်တာ။

## ၄–အသင်္ချေတွက်ပုံ

အဲတော့ လေးအသင်္ချေဆိုတာ ဘယ်လို

တွက်တုန်းဆိုရင် ဒီပင်္ကရာ မြတ်စွာဘုရားနဲ့ ကောဏ္ဍည မြတ်စွာဘုရားကြားမှာ ကမ္ဘာပေါင်း ဘယ်လောက်ကြာတယ်ဆိုတာ အရေအတွက်မရှိလို့ အသင်္ချေ(၁)ခုလို့ ခေါ်တယ်၊ အဲဒီလို အသင်္ချေမျိုး လေးခါလောက်ကြာခဲ့တယ်၊ ဒါကြောင့် လေးအသင်္ချေ လို့ ခေါ်တယ်။ မရေတွက်နိုင်တဲ့ ကမ္ဘာ လေးခါ ကြာခဲ့တယ်။

အဲတော့ ကောဏ္ဍညမြတ်စွာဘုရား ပွင့်ပြီး နောက်မှာ ဘုရားပြတ်သွားလိုက်တာ နောက် ကမ္ဘာ ပေါင်း အသင်္ချေထိအောင် ကြာပြီးမှ မင်္ဂလဗုဒ္ဓ ပွင့်တယ်၊ ကောဏ္ဍညဗုဒ္ဓနဲ့ မင်္ဂလဗုဒ္ဓ အကြားမှာ လည်း တစ်အသင်္ချေ ဆိုတယ်၊ မင်္ဂလဘုရားနဲ့အတူ အဲဒီကမ္ဘာမှာ ဘုရားလေးဆူပွင့်တယ်နော်။ သုမနဗုဒ္ဓ၊ ရေဝတဗုဒ္ဓ၊ သောဘိတဗုဒ္ဓ၊ သောဘိတဗုဒ္ဓ ပွင့်ပြီး နောက်မှာ ကမ္ဘာပေါင်း အသင်္ချေ လွန်ပြီးတဲ့အခါမှာ အနောမဒဿီဗုဒ္ဓပွင့်တယ်၊ အဲဒီနှစ်ဆူကြားမှာ

အသင်္ချေ(၁)ခု။

အဲဒီ အနောမဒဿီဗုဒ္ဓနောက်မှာ ပဒုမဗုဒ္ဓ ပွင့်တယ်၊ ပဒုမဗုဒ္ဓနောက်မှာ နာရဒဗုဒ္ဓပွင့်တယ်၊ အဲဒီဘုရားသုံးဆူ ပွင့်ပြီးတဲ့နောက်မှာ တစ်ခါ အသင်္ချေတစ်ခု လွန်သွားပြန်ပြီ၊ လေးသင်္ချေဆိုတာ အဲဒါပြောတာဘဲ။ ပဒုမုတ္တရမြတ်စွာဘုရားကနေပြီး ဒီဘက်ကျတော့ ကမ္ဘာတစ်သိန်း ရေတွက်လို့ ရသွားပြီ၊ ရေတွက်လို့မရတာက လေးခါ၊ ရေတွက်လို့ရတာက တစ်သိန်း အဲဒါကိုဘဲ လေးအသင်္ချေနဲ့ ကမ္ဘာ တစ်သိန်းလို့ ဒီလိုပြောတာ။

တစ်ချို့က အဲသလို အဓိပ္ပာယ်မဖော်ဘဲနဲ့ လေးအသင်္ချေ မဟုတ်ပါဘူး၊ လေးဂဏန်းဟာ ရေတွက်လို့ရတယ်ဆိုတာ လေးသင်္ချေပါလို့ ဒီလို ပြောကြသေးတယ်။ အဲဒါဟာ မမှန်ဘူး၊ ဘုရား နှစ်ဆူအကြားမှာ မရေတွက်နိုင်တဲ့ကမ္ဘာ လေးခါ ကြုံခဲ့တယ်၊ အဲဒါကို လေးအသင်္ချေလို့ခေါ်တယ်၊

ပဒုမုတ္တရ မြတ်စွာဘုရားရဲ့ ဒီဘက်ကျတော့ ကမ္ဘာ တစ်သိန်း။

ဂေါတမမြတ်စွာဘုရား လက်ထက်မှာ မဟာ သာဝကအဖြစ် ကျွတ်တန်းဝင်သွားတဲ့ ပုဂ္ဂိုလ်တွေ အားလုံးဟာ ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်မှာ ကုသိုလ်ကောင်းမှုလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေချည်းဘဲ၊ ခု ဂေါတမမြတ်စွာဘုရားလက်ထက် ကုသိုလ်ကောင်းမှု လုပ်တဲ့သူတွေ ဘယ်တော့ ကျွတ်မလဲ၊ ကျွတ်ဖို့ရှိပါ တယ် အားမငယ်နဲ့။ ပါရမီဆိုတာ ကိုယ်ကိုယ်တိုင် နေ့စဉ်နှင့်အမျှ ဖြည့်ကြတယ်၊ ဖြည့်တယ်ဆိုတာ ခုန ပြောသလို ဒါနနဲ့လေ့ကျင့်မယ်၊ သီလနဲ့လေ့ကျင့် မယ်၊ ခန္တီနဲ့လေ့ကျင့်မယ်၊ လက်မထောင်ပြီး "မဟုတ် မခံဘူးကွ"ဆိုရင် ဘယ်လိုလုပ် ခန္တီပါရမီ ပြည့်မတုန်း၊ မဟုတ်တာခံမှ ပါရမီပြည့်မှာ၊ ခုခေတ်ကတော့ ပါရမီ ပြည့်ဖို့ တော်တော်ခက်တယ်၊ မဟုတ်မခံမာန တယ် ကြီးတာကိုး။

## ၂-ကောဏ္ဍညဗုဒ္ဓ

အဲလို ဘုရားလောင်းဟာ တစ်ဘဝပြီး တစ်ဘဝ လေ့ကျင့်လိုက်တာ ဒီပင်္ကရာ မြတ်စွာ ဘုရားပြီးတော့ တစ်အသင်္ချေလွန်ပြီး ကောဏ္ဍည မြတ်စွာဘုရားပွင့်တာ၊ ကောဏ္ဍညမြတ်စွာဘုရား ပွင့်တဲ့ အခါကျတော့ ဝိဇိတာဝီဆိုတဲ့ စကြာဝတေး မင်းကြီး ဖြစ်တယ်၊ အဲဒီအချိန်မှာဘဲ ကြည့်၊ စကြာ ဝတေး စည်းစိမ်နဲ့ ယစ်မူးမနေဘူး၊ ဘုရားအမှူးရှိတဲ့ သံဃာတွေပင့် အလှူအတန်းကြီး လုပ်ပြီးတော့ သူ ကိုယ်တိုင် သင်္ကန်းဝတ်တယ်၊ ဂေါတမမြတ်စွာဘုရား အလောင်းဟာ ဒီ(၂၄)ဆူ ဗျာဒိတ်ခံတဲ့အထဲမှာ ဒီဘုရားသာသနာ (၂၄)ကြိမ်တွေ့သော်လည်း ရဟန်း ဖြစ်တာ (၉)ကြိမ်ရှိခဲ့တယ်။ ကောဏ္ဍညမြတ်စွာ ဘုရား ပွင့်တဲ့အခါမှာ ဝိဇိတာဝီဆိုတဲ့ စကြာဝတေး မင်း ဖြစ်တယ်၊ အလှူအတန်း လုပ်ပြီးတော့ မြတ်စွာ ဘုရားထံ ရဟန်းဝတ်လိုက်တယ်နော်၊ သာသနာ

ဘောင် ဝင်ပြီးတော့ ရဟန်းခံတယ်၊ အဲဒီတုန်းက တစ်ကြိမ်လို့ မှတ်ထားရမယ်။

## ၃–မင်္ဂလဗုဒ္ဓ

နောက်တစ်ခါ အသင်္ချေတစ်ခု လွန်ပြီးတဲ့ အခါမှာ မင်္ဂလာဘုရားပွင့်တယ်၊ အဲဒီ မင်္ဂလ ဘုရားဟာ ပါရမီဖြည့်စဉ် ကာလတုန်းက အင်မတန်မှ ထူးခြားတဲ့ အတွက် အဲဒီဘုရားရဲ့လက်ထက်မှာ ဘုရားရဲ့ ခန္ဓာကိုယ်ကထွက်တဲ့ ရောင်ခြည်တော်တွေကြောင့် ညပျောက်သွားတယ်၊ အမှောင်တွေ မရှိတော့ဘူး၊ ကမ္ဘာကြီးတစ်ခုလုံး လင်းနေတယ်လို့ ဆိုတယ်၊ အဲဒီ တုန်းက ဘုရားလောင်းဟာ သုရုစိပုဏ္ဏားဆိုတဲ့ ဘဝနဲ့ ဘုရားကို ကုသိုလ်ကောင်းမှုတွေလုပ်ရင်း နောက်ဆုံး သူလည်း သာသနာဘောင် ဝင်လိုက်တယ်၊ အဲဒီတုန်း က ဒုတိယအကြိမ် ရဟန်းဖြစ်တယ်။

## ၄–သုမနဗုဒ္ဓ

မင်္ဂလဘုရားပြီးတဲ့နောက် သုမနဘုရား ပွင့်တယ်၊ အဲဒီဘုရားလက်ထက်မှာ ဘုရားအလောင်း ဟာ နဂါးဖြစ်တယ်၊ အဲဒီ နဂါးဘဝမှာလည်း ဗျာဒိတ် ခံရတယ်၊ ဒါကြောင့်မို့ လူသားမဟုတ်လည်း ဗျာဒိတ် ခံတယ်လို့ ဒီလိုမှတ်ရတယ်ပေါ့။

## ၅–ရေဝတဗုဒ္ဓ

နောက်(၅)ဆူမြောက် ရေဝတ မြတ်စွာ ဘုရား ပွင့်တဲ့အခါမှာ အတိဒေဝဆိုတဲ့ ပုဏ္ဏားဖြစ် တယ်၊ အဲဒီအခါကလည်း ကုသိုလ်ကောင်းမှုလုပ်ပြီး ဗျာဒိတ်ခံခဲ့ရတယ်ပေါ့။

## ၆–သောဘိတဗုဒ္ဓ

နောက် နံပါတ်(၆)အနေနဲ့ သောဘိတဆိုတဲ့ မြတ်စွာဘုရား ပွင့်ပြန်တယ်၊ ပွင့်တဲ့အခါမှာ ဘုရား

အလောင်းဟာ အတိဒေဝဆိုတဲ့ပုဏ္ဏားဘဝနဲ့ ဗျာဒိတ်ခံခဲ့ရတယ်၊ အဲဒီ သောဘိတမြတ်စွာဘုရား ပွင့်ပြီးနောက်မှာ ဘုရားအဆက် ပြတ်သွားတယ်။

## ၇–အနောမဒဿီဗုဒ္ဓ

ကမ္ဘာအသင်္ချေ ကြာပြီးတဲ့နောက်မှာ နံပါတ်(၇)အနေနဲ့ အနောမဒဿီ မြတ်စွာဘုရားပွင့်တယ်၊ အဲဒီ အနောမဒဿီမြတ်စွာဘုရား ပွင့်ပြီးတဲ့အခါမှာ ဘုရားလောင်းဟာ ဘီလူးဖြစ်နေတယ်၊ အဲဒီဘီလူးဘဝနဲ့ဘဲ ဗျာဒိတ်ခံခဲ့ရတယ်လို့ ပြောတယ်။

## ၈–ပဒုမဗုဒ္ဓ

နံပါတ်(၈)အနေနဲ့ အဲဒီ တစ်ကမ္ဘာထဲမှာဘဲ ပဒုမမြတ်စွာဘုရားပွင့်တယ်၊ အဲဒီမှာ ခြင်္သေ့ဖြစ်တယ်၊ ခြင်္သေ့ဖြစ်တဲ့အခါမှာ တိရစ္ဆာန်ပေမယ့်လို့ ဘုရားကို တွေ့တဲ့အခါမှာ ခြင်္သေ့ကြီးဟာ (၇)ရက်

လုံးလုံး အစာမစားဘူး၊ မြတ်စွာဘုရားနားမှာ ဝပ်နေတယ်၊ သူ့စိတ်ထဲမှာ ပီတိတွေ ဖြစ်နေတယ်နော်၊ ခုနစ်ရက် အစာမယူဘဲနဲ့ မြတ်စွာဘုရားကို ပူဇော်ပြီး တော့နေတယ်၊ သူ့စိတ်ဟာ အင်မတန်မှ ကြည်နူးနေတယ်၊ အဲဒီမှာ ပဒုမမြတ်စွာဘုရားဟာ ဗျာဒိတ်ပေးခဲ့တယ်။

## ၉-နာရဒဗုဒ္ဓ

နောက်တစ်ခါ နံပါတ်(၉) နာရဒမြတ်စွာဘုရား ပွင့်တော်မူတဲ့အခါမှာ ဘုရားလောင်းဟာ ရသေ့ဘဝနဲ့ တွေ့တယ်၊ အဲဒီမှာ တစ်ခါ ဗျာဒိတ်ခံခဲ့ရတယ်။

## ၁၀-ပဒုမုတ္တရဗုဒ္ဓ

နာရဒမြတ်စွာဘုရားရဲ့နောက်မှာ အသင်္ချေတစ်ခု လွန်မြောက်သွားပြီးတော့မှ ပဒုမုတ္တရ မြတ်စွာ

ဘုရားပွင့်တယ်၊ အဲဒီ ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်ကျမှ ဇင်္ဃိလဆိုတဲ့ မြို့စားကြီးဖြစ်တယ်၊ အဲဒီ မြို့စားကြီးအဖြစ်က ကုသိုလ်ကောင်းမှုတွေ လုပ်ရင်း မြတ်စွာဘုရားဆီကနေ ဗျာဒိတ်ရတယ်၊ အဲဒီ ပဒုမုတ္တရ မြတ်စွာဘုရားကျတော့ ဤဘဒ္ဒကမ္ဘာမှ ပြန်ရေတွက်တဲ့ ကမ္ဘာတစ်သိန်းအထက်မှာ ပွင့်တယ်။

## ၁၁–သုမေဓဗုဒ္ဓ

နောက်တစ်ခါ ကမ္ဘာပေါင်း ခုနှစ်သောင်း လွန်ပြီးတော့ ကမ္ဘာသုံးသောင်းမြောက်မှာ သုမေဓ မြတ်စွာဘုရားပွင့်တယ်၊ အဲဒီ သုမေဓဘုရား ပွင့်တဲ့ အခါ ဥတ္တရလုလင်ဆိုတဲ့ လူငယ်တစ်ယောက်ဖြစ်ပြီး ကုသိုလ်ကောင်းမှုလုပ်ကာ သာသနာဘောင် ဝင်သွား တယ်၊ အဲဒီမှာ ရဟန်းတစ်ကြိမ်ဖြစ်တယ်။

## ၁၂–သုဇာတဗုဒ္ဓ

အဲဒီနောက် သုဇာတမြတ်စွာဘုရား ပွင့်တဲ့အခါမှာ စကြာဝတေးမင်းဖြစ်တယ်၊ စကြာဝတေးမင်းကြီးရဲ့ စကြာမင်းစည်းစိမ်ကို စွန့်ပြီး ရဟန်းပြုသွားတယ်၊ အဲဒီမှာ ဗျာဒိတ်ခံရတယ်။

## ၁၃–ပိယဒဿီဗုဒ္ဓ

နောက် ဒီကမ္ဘာကနေ ပြန်ပြီးတွက်ကြည့်တဲ့အခါမှာ (၁၈)ကမ္ဘာမြောက်မှာ ပိယဒဿီ မြတ်စွာဘုရားပွင့်တယ်၊ အဲဒီ ဘုရားလက်ထက်မှာ ကဿပလုလင်ဖြစ်ပြီး ဗျာဒိတ်ခံခဲ့ရတယ်။

## ၁၄–အတ္ထဒဿီဗုဒ္ဓ

အဲဒီကမ္ဘာမှာ အတ္ထဒဿီ မြတ်စွာဘုရားပွင့်တယ်၊ သုသီမဆိုတဲ့ ရသေ့ဘဝနဲ့ ဗျာဒိတ်ခံရတယ်။

## ၁၅–ဓမ္မဒဿီဗုဒ္ဓ

အဲဒီကမ္ဘာမှာပဲ ဓမ္မဒဿီဘုရား ပွင့်တဲ့အခါ သိကြားမင်းကြီး ဖြစ်တယ်၊ အဲဒီမှာလည်း သိကြား ဘဝနဲ့ ဗျာဒိတ်ခံရတယ်။

## ၁၆–သိဒ္ဓတ္ထဗုဒ္ဓ

နောက် (၉၄)ကမ္ဘာမြောက်မှာ သိဒ္ဓတ္ထ မြတ်စွာဘုရား ပွင့်တဲ့အခါမှာ မင်္ဂလဆိုတဲ့ ရသေ့ကြီး ဖြစ်တယ်၊ မင်္ဂလအမည်ရှိတဲ့ ရသေ့ကြီးဘဝနဲ့ ဗျာဒိတ်ခံရတယ်။

## ၁၇–တိဿဗုဒ္ဓ

နောက် (၉၂)ကမ္ဘာမှာ တိဿမြတ်စွာဘုရား ပွင့်တဲ့အခါမှာ ဘုရားအလောင်းဟာ သုဇာတရသေ့ ဘဝနဲ့ ဗျာဒိတ်ခံခဲ့တယ်။

## ၁၈–ဖုဿဗုဒ္ဓ

နောက် ဖုဿမြတ်စွာဘုရားဟာ အဲဒီမှာ ဝိဇိတာဝီဆိုတဲ့မင်း ဖြစ်တဲ့အခါမှာ မင်းစည်းစိမ်ကို စွန့်ပြီး ရဟန်းပြုတယ်၊ အဲဒီမှာ ရဟန်းတစ်ကြိမ် ဖြစ်တယ်၊ ဗျာဒိတ်ခံရတယ်။

## ၁၉–ဝိပဿီဗုဒ္ဓ

(၉၁)ကမ္ဘာမြောက်မှာ ဝိပဿီမြတ်စွာ ဘုရားပွင့်တယ်၊ ဝိပဿီမြတ်စွာဘုရားကစပြီး ဘုရား ခုနှစ်ဆူလို့ ခေါ်တာနော်၊ အာဋာနာဋိယသုတ်ကို ရတဲ့သူတွေ သိလိမ့်မယ်၊ "ဝိပဿိဿစ နမတ္ထု"လို့၊ နောက် ခန္ဓသုတ်ထဲမှာ "နမော သတ္တန္နံ သမ္မာ သမ္ဗုဒ္ဓါနံ"၊ ဘုရားခုနှစ်ဆူ ရှိခိုးတယ် ဆိုတာလေ၊ အဲဒါ ဗဟုသုတအနေနဲ့ ပြောရမယ်ဆိုရင် ဝိပဿီ မြတ်စွာဘုရားဟာ (၉၁)က ပွင့်ခဲ့တာ၊ ကမ္ဘာကြီး ထဲမှာ ဝိပဿီမြတ်စွာဘုရားရဲ့ တပည့်သာဝကတွေ

ရှိသေး တယ်၊ ဘယ်မှာရှိလဲဆိုရင် သုဒ္ဓါဝါသပြဟ္မာ့ ဘုံမှာ ရှိတယ်၊ ကျန်တဲ့ဘုရားတွေရဲ့ တပည့်သာဝက တွေက မရှိတော့ဘူး၊ ဝိပဿီ မြတ်စွာဘုရား ထိတောင် တပည့်သာဝကတွေ ကျန်သေးတယ်၊ လက်ကျန် တပည့်ဆိုတာက ကိုယ့်ဆရာဆိုတဲ့ အစွဲလေးတွေ ရှိတယ်လေ၊ အဲတော့ ဝိပဿီမြတ်စွာ ဘုရား လက်ထက်မှာ တရားထူးတရားမြတ်တွေရပြီး ပြဟ္မာ ကြီးတွေဖြစ်နေတဲ့ အနာဂါမ်ပြဟ္မာကြီးတွေက ရဟန္တာကြီးတွေ ဖြစ်ပြီးတော့ နေကြတယ်၊ အဲတော့ ဝိပဿီမြတ်စွာဘုရားရဲ့ တပည့်သာဝကတွေ ရှိနေ သေးတယ်၊ ဒါကြောင့်မို့ အဲဒီ ဘုရားကစပြီး (၇)ဆူ ဆိုပြီး ရှိနိုးတာနော်၊ နောက် ဝိပဿီမြတ်စွာဘုရား၊ အဲဒီ ဘုရားလက်ထက်မှာ အတုလဆိုတဲ့ နဂါးမင်း ဖြစ်တယ်၊ အဲဒီနဂါးဘဝနဲ့ဘဲ ဗျာဒိတ်ခံတယ်။

## ၂၀–သိခီဗုဒ္ဓ

တစ်ခါ(၃၁)ကမ္ဘာမြောက် ဒီကနေ ပြန်ကောက်ပြီး ရေတွက်တဲ့အခါမှာ သိခီမြတ်စွာဘုရား (၂၀)ပါးမြောက်မှာ ပွင့်တော်မူတယ်၊ အရိန္ဒမဆိုတဲ့မင်းဘဝနဲ့ ဘုရားလောင်းဟာ ဗျာဒိတ်ခံတယ်။

## ၂၁–ဝေဿဘူဗုဒ္ဓ

နောက် (၂၁)ပါးမြောက်မှာ ဝေဿဘူမြတ်စွာဘုရားပွင့်တယ်၊ ဝေဿဘူမြတ်စွာဘုရားရဲ့လက်ထက်မှာ သုဒဿနဆိုတဲ့မင်း ဖြစ်တယ်၊ အဲဒီမှာလည်း ဗျာဒိတ်ခံရတယ်ပေါ့။

ဘုရား(၂၁)ဆူ ပွင့်ပြီးတဲ့အခါ ဤဘဒ္ဒကမ္ဘာသို့ ရောက်လာတယ်၊ ဤဘဒ္ဒကမ္ဘာမှာ ကကုသန္ဓမြတ်စွာဘုရား၊ ကောဏာဂမနမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား၊ ဂေါတမမြတ်စွာ ဘုရားလို့ ဘုရားလေးဆူ ပွင့်တော်မူတယ်။

## ၂၂-ကကုသန္ဓဗုဒ္ဓ

အဲဒီမှာ ကကုသန္ဓမြတ်စွာဘုရား လက်ထက်မှာ ခေမဆိုတဲ့ဘုရင်ဘဝနဲ့ ဗျာဒိတ်ခံတယ်၊ ခေမမင်းဖြစ်တဲ့အခါမှာ ရဟန်းခံတယ်၊ မင်းဘဝကို စွန့်လွှတ်ပြီးတော့ ကကုသန္ဓမြတ်စွာဘုရား လက်ထက်မှာ ရဟန်းဖြစ်ခဲ့တယ်။

## ၂၃-ကောဏာဂမနဗုဒ္ဓ

ထို့နောက် ကောဏာဂမနမြတ်စွာဘုရား ပွင့်တယ်၊ ကောဏာဂမနမြတ်စွာဘုရားက လူ့သက်တမ်း သုံးသောင်းမှာ ပွင့်တယ်၊ အဲဒီ ကောဏာဂမန မြတ်စွာဘုရားလက်ထက်မှာ ဘုရားအလောင်းတော်ဟာ ပဗ္ဗတမင်းဖြစ်တယ်၊ အဲဒီမင်းဘဝနဲ့ ဗျာဒိတ်ခံပြီး သာသနာ့ဘောင်ဝင် ရဟန်းခံတယ်။

## ၂၄–ကဿပဗုဒ္ဓ

နောက် ကဿပမြတ်စွာဘုရား ပွင့်တော်မူလာတယ်၊ အနှစ်နှစ်အသောင်း လူ့သက်တမ်း ရှိတယ်၊ အဲဒီအချိန် ဇောတိပါလဆိုတဲ့ ပုဏ္ဏားလုလင်တစ်ယောက် ဖြစ်တယ်၊ အဲဒီ ဇောတိပါလရဲ့ သူငယ်ချင်းက ဃဋီကာရဆိုတဲ့ အနာဂါမ် အိုးထိန်းသည်ကြီးဖြစ်တယ်၊ ကဿပမြတ်စွာဘုရားရဲ့ အရင်း နီးဆုံးတပည့်သာဝက၊ အဲဒီ ဃဋီကာရဆိုတဲ့ အိုးထိန်းသည်ကြီးနဲ့ ဇောတိပါလတို့ဟာ သူငယ်ချင်း ဖြစ်ကြတယ်၊ ဇာတ်ချင်းမတူပေမယ့်လို့ လူချင်းခင်တာ၊ ဗြာဟ္မဏတွေက ဘုရားတို့ရဟန်းတို့ကို ခေါင်းပြောင်အောင်ရိတ်ထားလို့ ကတုံးဆိုပြီး သူတို့က အဖက်မလုပ်ဘူး၊ ပုဏ္ဏားဆိုတာ သူတို့က ဗြဟ္မာကို ကိုးကွယ်တာ။

ဇောတိပါလကို ဃဋီကာရက ဘုရားကျောင်းတော် သွားရအောင်ခေါ်တာ မလိုက်ဘူး၊ မလိုက်ရုံတင် မကဘူး၊ "ဒီကတုံးယုတ်တွေဆီ ဘာလို့

သွားမှာတုန်း”လို့တောင် ပြောတာ၊ ဒါ ဘယ်သူပြောတာတုန်း ဘုရားအလောင်း အရင့်အမာကြီးက ပြောတာနော်၊ အဲဒီတော့ ကိုယ့်ကိုကိုယ် သိပ်အထင်ကြီးလို့ မရဘူး၊ ဒီဘဝ ဗုဒ္ဓဘာသာ၊ နောက်ဘဝ ဗုဒ္ဓဘာသာ ဖြစ်ချင်မှ ဖြစ်မှာနော်၊ အဲတော့ ကောင်းတဲ့ စိတ်ဓာတ်လေးကို ခိုင်မြဲအောင် လုပ်ရမယ်၊ အမျိုးဓာတ်တို့ ပတ်ဝန်းကျင်တို့က လူကိုလှည့်စားသွားတတ်တယ်၊ သဒ္ဓါပညာ ခိုင်မာအောင်လုပ်ဖို့ အရေးကြီးတယ်၊ ပတ်ဝန်းကျင်ဆိုတာ ကျော်နိုင်ခဲတယ်၊ ပတ်ဝန်းကျင်ကို “ဥပနိဿယပစ္စယော”လို့ ခေါ်တာ၊ ကံကောင်းလို့ ပတ်ဝန်းကျင်ကောင်းနဲ့ တွေ့ပြီး သဒ္ဓါတရား ထိုက်သင့်သလောက်ရှိပြီး တရားနာ သီလစောင့်ကြတယ်၊ ဒါလေးကို သိပ်အထင်မကြီးနဲ့အုံး၊ လုပ်စရာတွေ အများကြီးရှိသေးတယ်၊ ဒီထက်ကောင်းအောင် ခိုင်မာအောင်လုပ်ဖို့ ကိုယ့်ကိုယ်ကို ကြိုးစားဖို့လိုအပ်တယ်။

ပါရမီအရင့်အမာဖြစ်တဲ့ ဇောတိပါလဆိုတဲ့ ဂေါတမဗုဒ္ဓရဲ့ အလောင်းတော်ဟာ ဘုရားဆီခေါ်တာ မလိုက်ဘူး၊ ဘယ်လောက်ထိအောင် ဟိုလူက ခေါ်တုန်းဆိုတော့ "ဘုရားကျောင်း ဒီနား နီးနီးလေး သွားရအောင်"ခေါ်တာ မလိုက်ဘူး။ ဘုရားကျောင်း ခေါ်လို့မရတော့ "ဒါဖြင့် ရေချိုး သွားရအောင်"လို့ ခေါ်တယ်၊ အဲဒီကျတော့ ချက်ချင်းလိုက်သွားတယ်၊ ခုခေတ်လည်း အတူတူပဲ၊ ပွဲကြည့်သွားရအောင်လို့ ဆိုရင် လိုက်မယ်၊ တရားပွဲသွားရအောင်ဆိုရင် မလိုက်ချင်ဘူးနော်၊ ရေချိုးပြီးတဲ့အခါမှာ ဘုရားကျောင်းသွားဖို့ ထပ်ခေါ်တယ် မလိုက်ဘူး၊ မလိုက်တဲ့ အခါ လုံချည်ဆွဲခေါ်တယ် အဲဒါလည်း မလိုက်ဘူး၊ နောက်ဆုံးကျ ဘယ်လောက်ထိအောင် လုပ်တုန်း ဆိုရင် ဃဋီကာရက ဆံပင်ဆွဲခေါ်ဖို့ ကြိုးစားတယ်။

ယောင်ထုံးကို ကိုင်ပြီဆိုတဲ့အခါကျမှ ဘုရားလောင်းက သတိရသွားတယ်၊ နောက်ဆုံး ယောင်ဆွဲ

တယ်ဆိုတာ သာမန်နဲ့ ဆွဲလို့မရဘူးလေ၊ လူတွေက ဆံပင်ဆိုတာ အထွတ်အမြတ်ထားတာ ရှေးခေတ်က ယောင်ဆွဲခေါ်တယ်ဆိုတာ အင်မတန်မှ ပြင်းထန်တယ်၊ "အော် ငါ့ကို အကြိမ်ကြိမ်ခေါ်တာ အကြောင်းရှိလို့နေမှာဘဲ၊ သူနဲ့ငါနဲ့ဆိုရင် ဇာတ်ချင်းက မတူဘူး"၊ (ဇောတိပါလ ပုဏ္ဏားက ဇာတ်မြင့်တယ် ဟိုဟာက အိုးထိန်းသည်ဆိုတော့ ဇာတ်နိမ့်တယ်) "ဇာတ်နိမ့်တဲ့ ပုဂ္ဂိုလ်က ငါ့ယောင်ဆွဲနိုင်လောက်အောင် သူက ငါ့ အပေါ်မှာ စေတနာထားတာပါလား"လို့ တွေးမိတယ်။

ဘုရားလောင်းတွေက အလွန်စိတ်ကောင်းရှိတာ၊ အကျိုးရှိလို့ခေါ်တာဆိုပြီး "အေး သူငယ်ချင်း ငါ့ဆံပင်တော့ မကိုင်နဲ့၊ လိုက်မယ်"ဆိုပြီး လိုက်သွားတယ်။

ကဿပဗုဒ္ဓနဲ့တွေ့လို့ ဘုရားက တရားဟော တယ်၊ တရားလည်းနာလိုက်ရော "ဒါမှ အမှန်တရား"ဆိုပြီး သာသနာဘောင် ဝင်လိုက်တယ်၊ ဟို

သူ့ခေါ်သွားတဲ့ ဃဋိကာရက ဘုန်းကြီးမဝတ်နိုင်ဘူး၊ ဘုရားလောင်းတွေဟာ ဆုံးဖြတ်ချက် အင်မတန်မှ တိကျတယ်၊ တရားနာပြီးတာနဲ့ သင်္ကန်းဝတ်လိုက်တယ်၊ ဘုရားလောင်းရဲ့စိတ်ဓာတ်က မှန်ပြီဆိုလို့ရှိရင် ချက်ချင်းလုပ်တယ်၊ မှားပြီဆိုရင်လည်း ချက်ချင်း စွန့်တယ်။

သာမန်လူတွေကတော့ တန်းလန်းတန်းလန်းနဲ့ သိပ်ပြတ်ခဲတယ်ပေါ့၊ ယောင်တောင်တောင် လုပ်ချင်တယ်၊ ဇေ့လည်ကြောင်ပတ်လို့ ခေါ်တယ်၊ ဟိုလိုလိုဒီလိုလိုတွေ များတားကိုး၊ ဟိုအကြောင်း ပြပြီး တိမ်းလိုက် ဒီအကြောင်းပြပြီး တိမ်းလိုက်၊ ပါရမီက မပြည့်သေးလို့ပါဆိုပြီး ပြည့်ရင် ဖြစ်မယ့်ပုံစံမျိုး ပြောတာ၊ အဲသလို ရှောင်တိမ်းတတ်တဲ့ အလေ့အကျင့်ကြောင့် ဘုရား(၂၄)ဆူ ရှောင်လာခဲ့တာ၊ အခု တစ်ဆူမှ မတွေ့သေးဘူး၊ အတော် အပုန်းကောင်းတယ်လို့ ဆိုရမှာဘဲနော်။

အလောင်းတော်ဟာ (၂၄)ဆူသော ဘုရားတွေထံက ဗျာဒိတ်စကား မှတ်သားနာယူပြီး အခုဘုရားအဖြစ်သို့ ရောက်ရှိသွားပြီ၊ ဘုန်းကြီးတို့တစ်တွေဟာ ဘုရားသာသနာတော်နဲ့ တွေ့ပြီး မြတ်စွာဘုရားရဲ့ အဆုံးအမတွေ နာယူခွင့်၊ လိုက်နာခွင့်၊ ကျင့်သုံးခွင့် ရကြတယ်၊ ဒီအချိန် အကောင်းဆုံးအချိန်ပဲ၊ တို့တတွေ တရားတွေကို တတ်စွမ်းသမျှသိအောင် ကြိုးစားကြမယ်၊ နာယူကြ မှတ်သားကြမယ် လိုက်နာကြမယ်၊ ကျင့်ကြံကြမယ်ဆိုရင် ဒီဘုရား သာသနာမှာတင်ပဲ ကျွတ်တမ်းဝင်နိုင်မယ်။

အကယ်၍ ကျွတ်တမ်းမဝင်နိုင်ဘူး ဆိုတောင်မှဘဲ နောင်မကြာခင် ဘုရားသာသနာတစ်ခုနဲ့ တွေ့ဆုံကြရင် သေချာပေါက် ကျွတ်တမ်းဝင်ရမှာဖြစ်တယ်၊ အနီးဆုံး ပြောရမယ်ဆိုရင် ဒီဘဝမှာ ကျွတ်တမ်းမဝင်သေးဘူး၊ ဆုကြီးပန်လည်း မဟုတ်ဘူးဆိုရင် ဒီဘဝမှာပဲ ကျွတ်တမ်းဝင်ချင်တဲ့ စိတ်နဲ့

ကြိုးစား၊ ကြိုးစားလို့ သေခါနီးအချိန် ရောက်တဲ့အခါ တရားထူးတရားမြတ် ရသွားနိုင်တယ်၊ မရသေးဘူး ဆိုလို့ရှိရင် ဒီဘဝကနေ နတ်ပြည်ရောက်သွားတဲ့ အခါမှာ မြတ်စွာဘုရားကို မှီလိုက်တဲ့ နတ်တွေက ဘုရားတရားအကြောင်း ပြောကြလိမ့်မယ်၊ သူတို့ ဆီက တရားမမ္ဗတွေ နာယူရတဲ့အခါ ဘုရားတရား တော်တွေကို ပြန်သတိရပြီး တရားထူး တရားမြတ် တွေ ရသွားကြမှာပါ၊ ဒါ မြတ်စွာဘုရား ကိုယ်တိုင် ဟောထားတာ ရှိပါတယ်။

ဒါကြောင့်မို့ တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့ ဂေါတမဗုဒ္ဓရဲ့ "ဗျာဒိတ်တော် ကြား ဘုရား(၂၄)ဆူ"နဲ့ ပတ်သက်ပြီး အကျဉ်း အားဖြင့် နာယူမှတ်သားပြီးပြီ၊ မိမိတို့ကိုယ်တိုင် ပါရမီကို ဖြည့်ကျင့်မှသာလျှင် တရားထူး တရားမြတ် တွေကို ရနိုင်မယ်၊ ပါရမီဖြည့်နေတဲ့ ဘုရားအလောင်း တော်ကြီးများသည်ပင် ရံဖန်ရံခါ တိမ်းပါးသွားတာ

တွေ ဖြစ်တယ်၊ တို့တတွေဟာ တရားမွေနဲ့ ပတ်သက်ပြီး အသိဉာဏ်တွေရရှိအောင် တိမ်းပါးယိမ်းပါး မဖြစ်ရအောင် ကြိုးစား အားထုတ်ကြရမှာဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ သဘောကျပြီး ကြိုးစား အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု။

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ အောင်ဓမ္မ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘမိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ ပုရပိုက်ဓမ္မဖြန့်ချိရေး
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၂၊ ၀၉-၇၃၉၀၃၉၇၀

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး စေ့စာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူ့ဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ ဓမ္မမှတ်ကျောက်

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ
၃၃။ န ၀ သော၊ န ၀ အသော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ
၄၂။ လွတ်မြောက်တဲ့စိတ်

၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်

၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)

၄၅။ တရားသိလျက် အကျင့်ခက်

၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ

၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်

၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်

၄၉။ ရတနသုတ်အနှစ်ချုပ်

၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား

၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ

၅၂။ အထင်များ အမြင်များ

၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်

၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး

၅၅။ နန္ဒိ ဒုက္ခဿ မူလံ

၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း

၅၇။ အားပေးစကား

၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်

၅၉။ ဘောသဇ္ဇဂုရု

၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ

၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ

၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

၆၃။ နိုင်သူနှင့်ရှုံးသူ

၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ

၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်
၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ